# 瑞丽市职业中学国际学生守则

## နိုင်ငံခြားကျောင်းသားစည်းမျဉ်းစည်းကမ်းများ

## ရွှေလီမြို့အသက်မွေးဝမ်းအထက်တန်းကျောင်း

1.遵守法律法规 :严格遵守中华人民共和国的各项法律法规，尊重中国的社会制度和文化传统。

၁။ တရားဥပဒေကိုလိုက်နာခြင်း။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဥပဒေစည်းမျဉ်းစည်းကမ်းများကိုတိကျစွာလိုက်နာကြမည်၊ တရုတ်နိုင်ငံ၏ လူ့အဖွဲ့အစည်းစနစ်နှင့်ယဥ်ကျေးမှုဓလေ့ထုံးစံများကိုလေးစားကြမည်။

2.尊重学校制度：自觉遵守学校的各项规章制度，积极配合学校的管理工作。（如：请假制度、手机管理制度、宿舍管理制度等）

၂။ ကျောင်းစည်းကမ်းများလိုက်နာခြင်း။ ကျောင်းစည်းကမ်းများအသိရှိရှိလိုက်နာရမည်၊ ကျောင်းမှစီမံခန့်ခွဲမှုကို တက်ကြွစွာပူးပေါင်းပါဝင်ကြမည်ဖြစ်သည်။ (ဥပမာ။ ခွင့်တိုင်ခြင်း၊ လက်ကိုင်ဖုန်းထိန်းသိမ်းခြင်း၊ ကျောင်းဆောင်စီမံခန့်ခွဲခြင်းစသည့်စနစ်များဖြစ်ပါသည်။)

3.按时注册报到：每学期按学校规定的时间办理注册手续，不得无故拖延或逾期。

၃။ အချိန်မှန်ကျောင်းအပ်နှံခြင်း။ ကျောင်းဖွင့်ကာလတွင် သတ်မှတ်သည့်အချိန်အရ အချိန်မှန် ကျောင်းအပ်နှံ၍ ကျောင်းသားစာရင်းထည့်တွင်းရမည်ဖြစ်သည်။ အကြောင်းပြချက်မရှိပဲနှောင့်နှေးခြင်း၊ ရက်လွန်ခြင်း ခွင့်မပြုရ။

4.保持良好出勤：按时参加教学计划规定的课程及学校组织的各项活动，不得无故迟到、早退或缺席。

၄။ ကောင်းမွန်သည့်ကျောင်းတက်နှုန်း ထိန်းသိမ်းရန်။ ပညာသင်ကြားပို့ချစီမံကိန်းထဲမှ သတ်မှတ်သည့် သင်ရိုးများကို အချိန်မှန်ပေါက်မြောက်ရန်နှင့် ကျောင်းလုံးဆိုင်ရာဖွဲ့စီးသည့် လှုပ်ရှားမှုများကို ပါဝင်ရမည်

ဖြစ်သည်။ အကြောင်းပြချက်မရှိပဲ နောက်ကျခြင်း၊ စောစောပြန်ခြင်း၊ ပျက်ကွက်ခြင်း ခွင့်မပြုရ။

5.请假制度：因病或因事不能参加课程及活动，需提前向班主任和学校相关部门办理请假手续。

၅။ ခွင့်တိုင်စနစ်။ နေမကောင်းခြင်းနှင့်အရေးကိစ္စကြောင့်ကျောင်းမလာနိုင်ခြင်းနှင့်လှုပ်ရှားမှုမပါဝင်နိုင်လျှင် အတန်းပိုင်ဆရာနှင့် သက်ဆိုင်ရာဌာနသို့ကြိုတင်ခွင့်တိုင်ရမည်ဖြစ်သည်။

6.课堂纪律：上课时应保持安静，尊重教师和其他同学，不得使用手机（老师允许的除外），不得随意讲话、走动或做与课堂无关的事情。

၆။ စာသင်ချိန်စည်းကမ်း။ စာသင်ချိန်အတွင်း တိတ်ဆိတ်နေ၍ ဆရာနှင့်အတန်းဖော်များကို လေးစားသင့်မည်။ လက်ကိုင်ဖုန်းအသုံး ခွင့်မပြုရ(ဆရာ့ခွင့်ပြုချက်ရှိလျှင် မပါဝင်ပါ)။ ကိုယ့်ဆန္ဒအတိုင်းစကားပြောခြင်း၊ လမ်းလျှောက်ခြင်းနှင့်မသက်ဆိုင်သည့်အရာများကိုလုပ်ရန် ခွင့်မပြုရ။

7.作业要求：按时完成教师布置的作业和学习任务。

၇။ အိမ်စာနှင့်ပတ်သက်သည့် တောင်းဆိုချက်။ ဆရာများစီစဉ်ပေးသည့်အိမ်စာနှင့် လေ့လာခြင်းတာဝန်များကို အချိန်မှန်ပြီးစီးနိုင်ရန် ဆောင်ရွက်ကြမည်ဖြစ်သည်။

8.爱护校园设施：爱护学校的教学设施、设备、图书资料及公共财物，不得损坏或故意破坏。

၈။ ကျောင်းပိုင်ပစ္စည်းများကို စောင့်ရှောက်ခြင်း။ ကျောင်းဝင်းထဲမှ သင်ကြားရေးပစ္စည်းများ၊ စာအုပ်စာတမ်းများနှင့်အများသုံးပစ္စည်းများကို ထိန်းသိမ်းကာကွယ်ပေးရန် တမင်သက်သက်မဖျက်စီးရ။

9.保持校园整洁：维护校园环境卫生，不得随地吐痰、乱扔垃圾，保持教室、宿舍等场所的整洁。

၉။ ကျောင်းဝင်းကိုသန့်ရှင်းအောင် ထိန်းသိမ်းခြင်း။ ကျောင်းဝင်းသန့်ရှင်းရေးကို ထိန်းသိမ်းစောင့်ရှောက်ကြမည်။ နေရာမရွေးတံတွေးထွေးခြင်း၊ အမှိုက်ပစ်ခြင်း ခွင့်မပြုရ။ စာသင်ခန်းနှင့်ကျောင်းဆောင်စသည့်

နေရာများ အမြဲသန့်ရှင်းသပ်ရပ်အောင်ထိန်းသိမ်းရမည်ဖြစ်သည်။

10.遵守宿舍管理：遵守学生宿舍管理规定，按时作息，不得在宿舍内大声喧哗、打闹或进行影响他人休息的活动。

၁၀။ ကျောင်းဆောင် စီမံခန့်ခွဲမှုများကိုလိုက်နာရန်။ ကျောင်းဆောင်ဆိုင်ရာ သတ်မှတ်ထားသည့်စည်းကမ်းများကိုလိုက်နာရမည်။ ကျောင်းဆောင်တွင် အလုပ်လုပ်ခြင်းနှင့်အနားယူခြင်းကို အချိန်မှန်ပြုလုပ်ရမည်၊ ဆူညံအော်ဟစ်ခြင်းနှင့်ပြေးလွှားခြင်း ခွင့်မပြုရ။ သူတပါးများအား အနှောင့်အယှက်ပေးနိုင်သည့် လှုပ်ရှားမှုများကိုလုပ်ရန် ခွင့်မပြုရ။

11.异性交往规范：男女同学之间应保持适当的交往距离，行为举止得体，不得有不当行为。

၁၁။ ကျောင်းသူကျောင်းသားဆက်ဆံခြင်းစည်းကမ်း။ ကျောင်းသူနှင့်ကျောင်းသားများအကြား တိကျသောအကွာအဝေးဖြင့် ပေါင်းသင်းဆက်ဆံ၍ အပြုအမူယဉ်ကျေးသိမ်မွေ့ရမည်ဖြစ်သည်။ အသက်အရွယ်နှင့်မကိုက်ညီသောအပြုအမူများကို မပြုလုပ်ရ။

12.网络使用规范：合理使用校园网络，不得利用网络传播有害信息、侵犯他人隐私或进行违法犯罪活动。

၁၂။ အင်တာနက်အသုံးပြုသတ်မှတ်ချက်။ ကျောင်းဝင်းအတွင်းအင်တာနက်သင့်တင့်စွာအသုံးပြုပါ။ အွန်လိုင်းမှတဆင့် အန္တရာယ်ဖြစ်စေသောသတင်းများမပျံ့နှံ့ရ။ ပုဂ္ဂိုလ်ရေးချိုးဖောက်မှု(သို့မဟုတ်) ရာဇဝတ်မှုများမကျူးလွန်ရ။

13.禁止吸烟酗酒：严禁在校园内吸烟、喝酒，不得参与赌博等违法违纪活动。

၁၃။ ဆေးလိပ်နှင့်အရက်ရှောင်ကြဉ်ရန်။ ကျောင်းဝင်းထဲတွင် ဆေးလိပ်မသောက်ရ၊ အရက်မသောက်ရ၊ လောင်းကစားစသည့် မတရားလှုပ်ရှားမှုများကိုလည်းမပါဝင်ရ။

14.个人物品管理：妥善保管个人财物，不得私自挪用、侵占

他人财物。

၁၄။ ကိုယ်ပိုင်ပစ္စည်းများစီမံခန့်ခွဲခြင်း။ ကိုယ်ပိုင်ပစ္စည်းများကိုကောင်းမွန်စွာထိန်းသိမ်းပါ၊ သူတပါးများ၏

ပစ္စည်းဥစ္စာများကို ခွင့်ပြုချက်မရှိဘဲအသုံးပြုခြင်း၊ ကျူးကျော်ခြင်းခွင့်မပြုရ။

15.着装规范：行课期间穿着校服（星期一、三、五校服，星期二、四迷彩服），不得穿着奇装异服或过于暴露的服装进入校园。

၁၅။ အဝတ်အစားသတ်မှတ်ချက်။ ကျောင်းတက်နေချိန်အတွင်း တနင်္လာ၊ ဗုဒ္ဓဟူးနှင့်သောကြာနေ့တွင် ကျောင်းဝတ်စုံဝတ်ဆင်ရမည်။ အင်္ဂါနှင့်ကြာသပတေးနေ့တွင် ပျောက်ကျားဝတ်စုံဝတ်ဆင်ရမည်။ ထူးဆန်းသည့်ဝတ်စုံနှင့်ခန္ဓာကိုယ်ဖော်လွန်းသည့်ဝတ်စုံဝတ်၍ ကျောင်းဝင်းထဲကိုဝင်ခွင့်မပြုရ။

16.活动参与：积极参加学校组织的各类文体活动、社会实践活动等，培养综合素质。

၁၆။ လှုပ်ရှားမှုပါဝင်ရန်။ အထွေထွေအရည်အသွေးမြင့်တင်ရန်ကျောင်းဘက်ဆိုင်ရာ ဖွဲ့စည်းသည့်လှုပ်ရှားမှုနှင့် လူ့အဖွဲ့အစည်းလက်တွေ့စမ်းသပ်မှုများကို တက်ကြွစွာပါဝင်ကြမည်ဖြစ်သည်။

17.尊重多元文化：尊重不同国家和民族的文化差异，不得歧视、侮辱其他同学。

၁၇။ ယဉ်ကျေးမှုအမျိုးမျိုးကို လေးစားပေးရန်။ တခြားနိုင်ငံများနှင့်တိုင်းရင်းသားများ၏ ဓလေ့ထုံးစံတွေကို ရှိသေလေးစားပေးမည်ဖြစ်သည်။ တခြားကျောင်းသူကျောင်းသားများကို ခွဲခြားဆက်ဆံခြင်းနှင့်အနိုင်ကျင့်ရန် ခွင့်မပြုရ။

18.安全管理：注意个人安全，不得在校园内进行危险行为，如攀爬建筑物、玩火等。

၁၈။ လုံခြုံရေးစီမံခန့်ခွဲခြင်း။ တစ်ဦးချင်းလုံခြုံရေးကိုဂရုစိုက်ရမည်။ ကျောင်းဝင်းအတွင်း အဆောက်အအုံတက်ခြင်း၊ မီးဆော့ခြင်းစသော အန္တရာယ်ရှိစေသည့်လှုပ်ရှားမှုများကိုမပါဝင်ရ။

19.活动报备：参加校外活动需提前向学校报备，经批准后方可进行。

၁၉။ လှုပ်ရှားမှုအစီရင်ခံစနစ်။ ကျောင်းအပြင်တွင်လှုပ်ရှားမှုပါဝင်လျှင် သက်ဆိုင်ရာခေါင်းဆောင်ထံမှ ကြိုတင်လျှောက်တင်၍ ခွင့်ပြုချက်ရရှိမှသွားနိုင်မည်ဖြစ်သည်။

20.违规处理：对违反校纪校规的行为，学校将根据情节轻重给予相应的纪律处分。

၂၀။ စည်းဖောက်သောကျောင်းသားကို ဒဏ်ပေးခြင်း။ ကျောင်းစည်းကမ်းသတ်မှတ်ချက်များကို ဖောက်ဖျက်ပါက အခြေအနေပေါ်မူတည်၍သင့်လျော်သည့်ပြစ်ဒဏ်ပေးမည်ဖြစ်သည်။

瑞丽市职业中学 德育处

သင်ကြားရေးမှူးရုံး ရွှေလီမြို့အသက်မွေးဝမ်းအထက်တန်းကျောင်း